# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 25 , 2024 Volume 74, Number 17


၂၅.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၁၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၃၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၃.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၇၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၉၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၇၄၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## စိုက်ပျိုးထုတ်လုပ်သူများ တွက်ချေကိုက်သည့် လက်ဖက်မွှေး





ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်တွင် ပြည်ပပို့ကုန်အလားအလာရှိသည့် အမည်သစ်ထုတ်ကုန် လက်ဖက်မွှေးကိုစိုက်ပျိုး၍ စိုက်ပျိုးထုတ်လုပ်သူများ အကျိုးအမြတ်ရရှိနေကြောင်း သိရှိရသည်။

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၏ ရာသီဥတု ရေ၊ မြေနှင့်ကိုက်ညီမှုရှိခြင်းကြောင့် လက်ဖက်မွှေးကို မိုးညှင်းမြို့နယ်တွင် စိုက်ပျိုး၍ရရှိကြောင်း၊ အခြားသောမြို့နယ်များတွင် စိုက်ပျိုး၍မရကြောင်း စိုက်ပျိုးထုတ်လုပ်သူ၏ ပြောပြချက်အရ သိရသည်။

လက်ဖက်မွှေးကို ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများဖြစ်သည့် မိုးဖြိုင်ဖြိုင်ကျလာသည့် အချိန်များတွင် ကိုင်းဖြတ်၍စိုက်ပျိုးကြရပြီး၊ စိုက်ပျိုးပြီး (၂)လ ခန့်အကြာတွင် စတင် ခူးဆွတ်နိုင်ကြောင်း၊ (၄၅)ရက်ခြား တစ်ကြိမ် ခူးဆွတ်နိုင်ရာ တစ်နှစ်လျှင် (၇) ကြိမ်၊ (၁)ကြိမ်လျှင်(၅၀)ပိဿာ ခူးဆွတ်ရရှိနိုင်ကြောင်း၊ အရွက်ခြောက်(၁)ပိဿာလျှင် ခြံပေါက်ဈေး ၄၅,၀၀၀ ကျပ်ဈေးရှိ၍ (၁)ကေတွင် (၃၅၀) ပိဿာထွက်ရှိသဖြင့် ရောင်းရငွေမှာ ၁,၅၇,၅၀,၀၀၀ ကျပ်ရရှိကြောင်း သိရသည်။

တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု၏ စုစုပေါင်းကုန်ကျစရိတ်မှာ ၁,၁၄,၇၀,၀၀၀ ကျပ်ခန့်ရှိပြီး လက်ရှိအချိန်တွင် ပြည်တွင်းဈေးကွက်အဖြစ် ရန်ကုန်သို့ တင်ပို့လျက်ရှိရာ

ထုတ်ကုန်၏ရောင်းရ ငွေမှာ ၁,၅၇,၅၀,၀၀၀ ကျပ်ခန့်ရရှိ၍ စိုက်ပျိုးထုတ်လုပ်သူများအတွက် အကျိုးအမြတ်မှာ ၄၂,၈၀,၀၀၀ ကျပ်ခန့်ရရှိသဖြင့် စိုက်ပျိုးထုတ်လုပ်သူများ တွက်ချေကိုက်ပြီး ဒေသခံပြည်သူအချို့ အလုပ်အကိုင်ရရှိ၍ အပိုဝင်ငွေတိုးလျက်ရှိကြောင်းသိရသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ပြည်တွင်းဝယ်လိုအားကြောင့် ကုလားပဲဈေးကွက်ကောင်းနေ



ပြည်ပဈေးကွက်ဝေစု အများအပြားမရှိပေမဲ့ ပြည်တွင်းမှာရှိတဲ့ ပဲခွဲကြိတ်စက်တွေကနေ တိုးမြှင့်ဝယ်ယူလာမှုကြောင့် ကုလားပဲဈေးကွက်ကောင်းနေတယ်လို့ ပဲမျိုးစုံရောင်းဝယ်ရေးကုန်သည်အသိုင်းအဝိုင်းကနေ သိရပါတယ်။

ပဲကြိတ်တဲ့သူတွေ ဝယ်ကြတယ်။ ပြည်ပဈေးကွက် များများစားစားမရှိပေမဲ့ ပြည်တွင်းဈေးကွက်ပုံမှန်ရှိတယ်။ ပုံမှန်လေးပဲသွားတယ်လို့ ပဲကုန်သည်တစ်ဦးက ပြောပါတယ်။

ဇန်နဝါရီ ၁ ရက်က မန္တလေးကုန်စည်ဒိုင်မှာ ကုလားပဲ (V2) သုံးတင်းဝင်တစ်အိတ်က ၂,၈၈,၀၀၀ – ၂,၉၀,၀၀၀ ကျပ်၊ ကုလားပဲ (V7) က ၂,၉၅,၀၀၀ ကျပ်၊ ကုလားပဲ (ထိုင်ဝမ်) က ၂,၇၂,၀၀၀ – ၂,၇၅,၀၀၀ ကျပ် ဈေးရှိခဲ့ပါတယ်။

ဇန်နဝါရီ ၂၄ ရက်မှာ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်က ၃,၀၀,၀၀၀ – ၃,၀၃,၀၀၀ ကျပ်၊ ကုလားပဲ (V7) က ၃,၁၀,၀၀၀ ကျပ်၊ ကုလားပဲ (ထိုင်ဝမ်) က ၂,၈၀,၀၀၀ ကျပ်အထိ ဈေးတက်လာပါတယ်။

ကုလားပဲက အခုဆို တစ်အိတ်ကို ကျပ် ၃ သိန်း ပတ်ချာလည်လောက်ရှိတယ်။ အရင်ကထက်တော့ နည်းနည်းတက်သွားတယ်။ တစ်အိတ်ကို ကျပ် ၁ သောင်း၊ ၂ သောင်း ပတ်ချာလည်လောက် တက်တယ်။ ဝယ်လိုအားလည်း ရှိတယ်လို့ ပဲကုန်သည်တစ်ဦးက ဆိုပါတယ်။

ကုလားပဲကို နေပြည်တော်၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးကြပြီး အောက်တိုဘာလလယ်ကနေ ဒီဇင်ဘာလ ပထမပတ်အထိ စိုက်ပျိုးကြပါတယ်။

ပြီးခဲ့တဲ့နှစ်အတွင်း ကုလားပဲစိုက်ပျိုးမှုမှာ အမြစ်ပိုးစွဲမှုနည်းပါးခြင်း၊ မှိုကပ်ရောဂါနည်းပါးခြင်းတို့ကြောင့် အပင်အသေအပျောက်နည်းပြီး အထွက်နှုန်းကောင်းမွန်လို့ အကျိုးအမြတ်ရရှိခဲ့တယ်လို့ ကုလားပဲစိုက်တောင်သူတွေက ပြောပါတယ်။

ယခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း မတ်ပဲနဲ့ပဲစင်းငုံနီတို့က အတက်ဈေးနဲ့ လှုပ်လှုပ်ခပ်ခပ်ဖြစ်ခဲ့ပြီး ပြောင်းဆန်နဲ့ ကုလားပဲဈေးတွေ ငြိမ်နေခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ ဈေးကွက်အချက်အလက်တွေအရ သိရပါတယ်။

Source: BETV Business

## လေးပင်ဆီးသီး ဈေးကောင်းလည်းရ အရောင်းလည်းသွက်

မကွေးတိုင်းဒေသကြီးသည် ပူပြင်းခြောက်သွေ့သည့်ဒေသဖြစ်၍ ဆီးပင်များ အများအပြားပေါက်ရောက်ရာဒေသလည်းဖြစ်ပါသည်။ ဆီးချဉ်သီး၊ ဆီးချိုသီးဆိုပြီး အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားရှိပါသည်။ ဆီးချဉ်ပင်သည် အလေ့ကျပေါက်ရောက်လေ့ရှိပြီး ဆီးချိုပင်အား ခြံဖြင့်စိုက်ပျိုးကြပါသည်။ တစ်တိုင်းလုံးအနေဖြင့် စုစုပေါင်းဆီးပင်စိုက်ကေမှာ (၁၂,၁၉၈) ဧကခန့်ရှိပါသည်။ ဆီးချဉ်သီး၊ ဆီးကြက်ဥ၊ ဆီးပန်းသီး၊ စလေဆီးသီး၊ ဆီးကွဲသီး၊ လေးပင်ဆီးသီးဆိုပြီး အမျိုးအစားစုံလင်စွာရှိသည့်အနက် လေးပင်ဆီးသီးသည် အလွန်ချိုသည့်အတွက် နာမည်တစ်လုံးဖြင့် ဈေးကောင်းရကာ အရောင်းလည်းသွက်နေသည်။

ယခုအချိန်သည် ဆီးသီးလှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ ဆီးသီးအမျိုးအစားစုံလင်စွာ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေပြီး ဆီးသီးစိုက်တောင်သူများ ဈေးကောင်းရသည့်နှစ်လည်းဖြစ်သည်။ လေးပင်ဆီးသီးသည် မန်းရွှေစက်တော်ဘုရားသို့သွားသော ကားလမ်းဘေးရှိ လေးပင်ကျေးရွာမှ စိုက်ပျိုးထွက်ရှိသည့် ဆီးသီးဖြစ်သည်။ လေးပင်ဆီးသီးသည် အလုံးထွားကာ အလုံးပေါ်တွင် အပွေးများဖြင့် စားသည့်အခါ ချိုမြိန်သည့်အရသာကိုပေးစွမ်းသည့်အပြင် လေးပင်ဆီးသီးစားသည့်အခါ ရင်မပြည့်သည့်အတွက် လူကြိုက်များကာ အခြားဆီးသီး ဈေးများထက် အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

လေးပင်ဆီးသီးပေါ်စတွင် တစ်ပြည်လျှင်(၆၅၀၀)ကျပ်ဈေးအထိရရှိပြီး ယခုလှိုင်လှိုင်ပေါ်ချိန် ဈေးကွက်ထဲသို့ များစွာဝင်ရောက်လာချိန်တွင် တစ်ပြည်လျှင် (၃၀၀၀/၃၅၀၀)ကျပ်ဖြင့် အရွယ်အစားလိုက်၍ ဈေးကွက်ထဲတွင် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှုးရုံး**

## မိုးစပါးစိုက်တောင်သူအများစု ဈေးကောင်းရရှိ

ယခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးနိုင်သည့် တောင်သူအများစု စပါးဈေးကောင်းရရှိကြကြောင်း တောင်သူများထံက သိရသည်။

မိုးစပါးစတင်ထွက်ရှိချိန် ဒီဇင်ဘာလလယ်လောက်က တင်း ၁၀၀ စပါးပေါက်ဈေးမှာ ငွေကျပ် ၂၂ သိန်းသာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအချိန် မိုးစပါးသိမ်းပြီးချိန်တွင် တင်း ၁၀၀ လျှင် ငွေကျပ် ၃၂ သိန်းထိ ပေါက်ဈေးရှိလာရာ တောင်သူအများစု စပါးဈေးကောင်းရရှိကြကြောင်း ပုသိမ်ကြီးမြို့နယ်၊ ဆင်ရွာကြီး ကျေးရွာအုပ်စုမှ စပါးစိုက်တောင်သူ ဦးချစ်ဝေက ပြောသည်။

"ဒီနှစ်ကတော့ စပါးပုံမှန်ပဲထွက်ပါတယ်။ တစ်ဧက ၇၅ တင်း ပတ်ဝန်းကျင်ပဲ ထွက်ပါတယ်။ ဂရုစိုက်မှုကောင်းတဲ့ စပါး ခင်းကတော့ ၈၅-၉၀ တင်း ထွက်ပါတယ်။ ဒီနှစ်စပါးဈေးက ဒီဇင်ဘာလလယ်လောက်မှာ တင်း ၁၀၀ ကို ငွေကျပ် ၂၂ သိန်း ပေါက်ဈေးရှိခဲ့ပါတယ်။ အခုလက်ရှိမှာ တင်း ၁၀၀ လျှင် ငွေ ကျပ် ၃၂ သိန်းထိ ပေါက်ဈေးရှိလာပါတယ်"ဟု ၎င်းကပြောသည်။

မိုးစပါး တစ်ဧကစိုက်ပျိုးစရိတ်မှာ ပျိုးနုတ်ကောက်စိုက် မြေဩဇာ၊ ရိတ်သိမ်းစရိတ်၊ သယ်ယူစရိတ်၊ ပေါင်းနုတ်၊ အမှိုက်ကောက်၊ ပိုးသတ်ဆေးဖျန်း၊ မျိုးစရိတ်အတွက် စုစုပေါင်း ငွေကျပ် ၇,၅၀,၀၀၀ ဝန်းကျင်ခန့် ကုန်ကျခဲ့သည်။

ဒီနှစ် မိုးစပါးစပေါ်ချိန်ကတည်းက တင်း ၁၀၀ ဈေး ငွေကျပ် ၂၂ သိန်းဖြစ်လာပြီး တောင်သူအချို့ ရောင်းချမှုရှိခဲ့သော်လည်း လက်ရှိစပါးသိမ်းချိန် မှာတော့ တင်း ၁၀၀ ငွေကျပ် ၃၂ သိန်းဖြင့် တောင်သူအများစု ဈေးကောင်းရရှိခဲ့သည်။

ယခုနှစ် စပါးဈေးကောင်းရရှိတာကြောင့် တောင်သူအချို့ မှာ စပါးအကုန်မရောင်းချဘဲ ဆက်လက်ဈေးကောင်းနိုင်ကြောင်း မျှော်မှန်းကာ သိမ်းဆည်းထားသူများလည်းရှိသည်။ ယခင်နှစ် မိုးစပါးမစိုက်ပျိုးမီက တင်း ၁၀၀ လျှင် ငွေကျပ် ၁၃-၁၅သိန်းခန့်သာ ပေါက်ဈေးရှိခဲ့ရာမှ တင်း ၁၀၀ လျှင် ငွေကျပ် ၂၂ သိန်းထိ ပေါက်ဈေးရှိခဲ့တာကြောင့် ယခုနှစ်တွင်လည်း စပါးဈေးကောင်းရရှိရန် မျှော်မှန်းထားကြသည်။

မိုးစပါးစိုက်ပျိုးမှုပြီးစီးပြီး ဆောင်းစိုက်သီးနှံ စိုက်ပျိုးချိန် မမီတာကြောင့် နွေစပါးစိုက်ပျိုးရန်သာ ပြင်ဆင်ကြရသည်။ စပါးပေါက်ဈေး မြင့်တက်မှုနှင့်အတူ စိုက်ပျိုးစရိတ်မှာလည်း မြင့်တက်လာရာ တစ်ဧက ငွေကျပ် ၁,၅၀,၀၀၀ ခန့် ယခင်နှစ်များထက် ပိုမိုလာကြောင်း တောင်သူများထံက သိရသည်။ အဓိကအားဖြင့် စက်သုံးဆီဈေးကြီးမြင့်လာမှုကြောင့် ရိတ်သိမ်းစရိတ်၊ သယ်ယူစရိတ်၊ ထွန်ထယ်စရိတ်များတွင် ပိုမိုလာခြင်းဖြစ်သော်လည်း ယခုနှစ်တွင် မြေဩဇာသုံးစွဲမှုစရိတ်မှာ အနည်းငယ်လျော့ကျကြောင်း စပါးစိုက်တောင်သူများထံက သိရသည်။

ပုသိမ်ကြီးမြို့နယ်တွင် ထွက်ရှိသည့် မိုးစပါးကောက်ကြီးမှာ မဂျမ်းတော(ရောမင်း)စပါးမျိုးဖြစ်ပြီး ပြည်တွင်းစားသုံးမှုကောင်းသည့် စပါးမျိုးဖြစ်တာကြောင့် လည်း ဈေးကောင်းလာခြင်းဖြစ်သည်။

ယခုနှစ်မှာ ကမ္ဘာ့ဆန်ဈေးကွက်တွင်လည်း ရာသီဥတုဖောက်ပြန်မှုများကြောင့် စပါးထွက်နှုန်းလျော့ကျခဲ့ပြီး ဆန်ဈေး နှုန်းမြင့်တက်လာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မိုးစပါး၊ နွေစပါးထွက်ရှိမှုတန်ချိန် ၁၃ သန်းခန့်ရှိပြီး ၉ ဒသမ ၅ သန်း ကို ပြည်တွင်းစားသုံးမှုအတွက် သုံးစွဲကာ ပိုလျှံတန်ချိန် ၃ သန်းကျော်ကို ကမ္ဘာ့ဆန်ဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်မှ ၁၉ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၁,၀၃,၀၅,၅၉၉.၂၀၀ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၅,၇၅,၂၆၁.၆၉၇ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်ကွဲ၊ နှမ်းနက်၊ သီဟိုဠ်စေ့၊ ဖရဲသီး၊ ပဲယင်း၊ ကြက်သွန်နီ၊ ထောပတ်ပဲ၊ နှမ်းညိုနှင့်ဆန်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၃၂,၈၉,၄၃၀.၂၀၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၇၀,၁၆,၁၆၉.၀၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ပလပ် စတစ်ကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ ကုန်ထုတ် စက်ကူများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သော ပစ္စည်းများ၊ ချုပ်ပြီးအဝတ်အထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ ပလပ်စတစ်ပိုက်၊ ပန်းသီးနှင့် မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄,၃၃,၉၁၂.၇၂၂ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၁၁,၄၁,၃၄၈.၉၇၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀ ဒသမ ၃၃၇ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၆ ဒသမ ၇၃ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ထိုင်းနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများကို ပြန်လည်စတင်သွားရန်ရှိ

ထိုင်းနိုင်ငံနှင့်ဥရောပသမဂ္ဂတို့အကြား လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် (FTA) နှင့်စပ်လျဉ်းသည့် ဆွေးနွေးမှုများကို ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့များတွင် ဗန်ကောက်မြို့၌ ကျင်းပသွားမည်ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိများနှင့် ကော်မတီခွဲ ၁၉ ခုမှ ကျွမ်းကျင်ပညာရှင်များ ပါဝင် တက်ရောက်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးညှိနှိုင်းမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Ms. Chotima Iemsawasdikul ၏ ပြောကြားချက်အရ သိရှိရသည်။

ဆွေးနွေးပွဲတွင် ပြဿနာရပ်တစ်ခုချင်းစီအတွက် သတင်းအချက်အလက်မျှဝေမှုကို မြှင့်တင်ရန်နှင့် ပိုမိုလေးနက်သော အပြန်အလှန်နားလည်မှုကို တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ ကော်မတီခွဲအစည်းအဝေးများတွင် ကုန်စည်ကုန်သွယ်မှု၊ ကုန်စည်များ၏ ပင်ရင်းစည်းမျဉ်းများ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်ရေးအတားအဆီးများ၊ အပင်နှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးဆိုင်ရာတိုင်းတာချက်များ၊ ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဒီဂျစ်တယ်ကုန်သွယ်ရေးရှိ နည်းပညာအတားအဆီးများအားလုံးကို ခြုံငုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် မူပိုင်ခွင့်၊ ယှဉ်ပြိုင်မှုနှင့် အထောက်အပံ့များ၊ အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းစဉ်၊ ကုန်သွယ်ရေးနှင့် စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှု၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ စွမ်းအင်နှင့် ကုန်ကြမ်း ပစ္စည်းများ၊ စဉ်ဆက်မပြတ်သော အစားအစာစနစ်များ၊ ပွင့်လင်းမြင်သာမှုနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး အလေ့အကျင့်များ၊ အငြင်းပွားမှုဆိုင်ရာဖြေရှင်းမှုနှင့် ကင်းလွတ်ခွင့်များစသည်တို့ကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဘရပ်ဆဲလ်တွင် တွေ့ဆုံခဲ့သော ပထမအစည်းအဝေးအရ နှစ်နိုင်ငံသည် အပြုသဘောဆောင်သော ဆွေးနွေးမှုများရှိခဲ့ပြီး အဆိုပြုလွှာ (မူကြမ်း) များ လဲလှယ်ခဲ့ပါကြောင်း၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း အချင်းချင်းနားလည်ခဲ့ပါကြောင်း၊ ညွှန်ကြားရေးမှူးချုပ်

က ဖြည့်စွက်ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂသည် ထိုင်းနိုင်ငံ၏ စတုတ္ထအကြီးဆုံး ကုန်သွယ်ရေး မိတ်ဖက်ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် ပထမ ၁၁ လ အတွင်း နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၅ ဘီလီယံရှိခဲ့ပါကြောင်း၊ အဓိကပို့ကုန်များမှာ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ လေအေးပေးစက်များ၊ လျှပ်စစ်ဆားကစ်ပြားများ၊ ထရန်စဖော်မာများဖြစ်ပြီး သွင်းကုန်များမှာ စက်ယန္တရားများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် လေယာဉ် အစိတ်အပိုင်းများဖြစ်ကြောင်း သိရှိပါသည်။

ထိုင်းနိုင်ငံသည် ဥရောပသမဂ္ဂနှင့် ကောင်းမွန်သော ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေးရှိသော်လည်း ပိုမိုလွယ်ကူချောမွေ့သော ကုန်သွယ်မှု၊ နည်းပညာဆိုင်ရာ အဆင့်မြင့်ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပိုမိုအကျိုးအမြတ်ရရှိစေရေး လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်ရသည်။

**Source: www.bangkokpost.gov၊**

**(စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (25.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Jan. 2024

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 78,489 (Shares) | 151,493,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 398 | 3,462,600 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 419 | 1,215,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 8,000 | 8,000 | 7,900 | 17 | 135,000 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 1,467 | 2,273,850 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 108 | 270,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | +50 | +2.63% | 1,950 | 1,950 | 1,950 | 12 | 23,400 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 66 | 310,200 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 2 | 3,500 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 25th Jan. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.41 | +1.17 | +0.32% | 365.77 | 366.41 | 365.77 | 2,489 | 7,693,650 | 8 | 691,109 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 26th Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,816 (Shares) | 8,878,050 (MMK) |

| MYANPIX | 365.24 ▼ 1.17 |
|---|---|
| Total Volume (shares) | 2,816 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,919 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,900 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |

TIR